# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 11, 2019 — Volume 16, Number 7


**၁၁.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၇/ကျပ် |
| CBM Rate | = ၁၅၃၈.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၀.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၃.၃ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၇.၆ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၇.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၀.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၆၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၁၄ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၇၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၇.၇၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၆၉ကျပ် |

## သနပ်ခါးကို မြန်မာ့ရိုးရာထုတ်ကုန်အဖြစ် ပြန်လည်သတ်မှတ်နိုင်ရန် ကြိုးပမ်းမည်

မြန်မာ့သနပ်ခါးကိုရိုးရာထုတ်ကုန်အဖြစ် ပြန်လည်သတ်မှတ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာသနပ်ခါးပွဲတော်ကို ဦးဆောင်ကျင်းပသည့် Sanchaung Food Town တည်ထောင်သူ ကိုအောင်မြတ်က ပြောကြားသည်။



ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၇ ရက်ထိ ရန်ကုန်မြို့ပြည်သူ့ရင်ပြင်ရှိ Sanchaung Food Town တွင် မြန်မာ့ရိုးရာသနပ်ခါးပွဲတော်ကို bella အလှကုန်များ ထုတ်လုပ်သည့် ကုမ္ပဏီပူးပေါင်း ပါဝင်မှုဖြင့် ပထမဆုံး အကြိမ် ကျင်းပမည်ဖြစ်ပြီး အဆိုပါပွဲတော်မှတစ်ဆင့် မြန်မာ့သနပ်ခါးထွက်ကုန်မှာ မြန်မာနိုင်ငံ၏ရိုးရာ ထွက်ကုန်ဖြစ်သည်ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာ့သနပ်ခါးကို ထိုင်းနိုင်ငံမှ ၎င်းတို့၏ ရိုးရာထွက်ကုန်အဖြစ် မူပိုင်ခွင့်ပြုလုပ်ထားသောကြောင့် သက်ဆိုင်ရာ သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများ၊ အစိုးရတာဝန်ရှိသူများနှင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကိုအောင်မြတ်ကပြောကြားသည်။

မိမိတို့နိုင်ငံက အိမ်နီးချင်းတိုင်းပြည်တွေကို ကုန်ကြမ်းရောင်းပြီး လည်ပတ်နေရတဲ့ အနေအထားရှိကြောင်း၊ သူတို့တိုင်းပြည်တွေက နည်းပညာတွေ တိုးတက်လာပြီး ကုန်ချောပြန်ထုတ်တယ်။ အကျိုးအမြတ်ရလာတာများလာတဲ့အတွက် သူတို့ရဲ့ ကိုယ်ပိုင်ထုတ်ကုန်လို့မြင်လာကြောင်း၊ မြန်မာနိုင်ငံမှ သနပ်ခါးကို ဇီဝထွက်ကုန်အဖြစ် ကုန်သွယ်နိုင်ရန် နည်းပညာနှင့်ငွေကြေးပံ့ပိုးပေးလျက်ရှိသော HELVETAS Myanmar အဖွဲ့အစည်း၏ ဇီဝထုတ်ကုန်များ ကုန်သွယ်ခြင်းစီမံချက်မှ စီမံချက်မန်နေဂျာ ကိုဇော်မင်းဦးကပြောကြားသည်။

Source: https://www.facebook.com/LivingColorMediaCoLtd/posts/3450849427 59457

## YKKO ၏ ရှယ်ယာအများစုကို ရိုးမဝယ်ယူ

မြန်မာနိုင်ငံတွင်ထင်ရှားသည့် စားသောက်ဆိုင်လုပ်ငန်းတစ်ခုဖြစ်သော Yankin Kyay Oh Group of Companies Limited ("YKKO") ၏ အစုရှယ်ယာ ၆၅ ရာခိုင်နှုန်းကို ဝယ်ယူလိုက်ပြီဖြစ်ကြောင်း Yoma Strategic က ကြေညာလိုက်သည်။ ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အရ YKKO သည် Yoma


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.trade.gov.mm
myantradetir2016@gmail.com

Strategic မှ ၆၅ ရာခိုင်နှုန်းပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီဖြစ်လာမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

ဝယ်သူရောင်းသူ သဘောတူညီချက်အရ YKKO ၏ လက်ရှိနှင့်ခန့်မှန်းဝင်ငွေ စသည့်အချက်တို့ကိုပါ ထည့်သွင်းစဉ်းစားပြီး စုစုပေါင်းကျပ် ၁၉ ဒသမ ၄ ဘီလျံ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ သန်း) ပေးချေရန် သတ်မှတ်ထားသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်နေ့၏ မှတ်တမ်းများအရ YKKO ၏ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၆ ဒသမ ၂၂ ဘီလျံ (ဒေါ်လာ ၄ ဒသမ ၀၉ သန်း) ရှိသည်ဟုလည်းဆိုသည်။ ငွေပေးချေမှုကို ကုမ္ပဏီတွင်း အရင်းအမြစ်များနှင့် မကြာမီကပြုလုပ်ထားသည့် ဘဏ္ဍာရေးလုပ်ဆောင်မှုများကိုအသုံးပြု၍ ပေးချေသွားမည်ဟု Yoma Strategic က ပြောကြားသည်။

မိသားစုစားသောက်ဆိုင်လေးမှ စတင်ခဲ့ပြီး နိုင်ငံ၏နာမည်ကြီး F & B အမှတ်တံဆိပ်တစ်ခုဖြစ်လာခဲ့သည့် YKKO သည် မြန်မာနိုင်ငံ၏ အောင်မြင်မှုဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး ၎င်းအား အနာဂတ်တွင် ပိုမိုတိုးတက်ကြီးပွားလာအောင် ပံ့ပိုးကူညီခွင့်ရသည့်အတွက် အလွန်ပင်ဂုဏ်ယူမိကြောင်း Yoma Strategic ၏ အမှုဆောင်အရာရှိချုပ် Mr. Melvyn Pun က သတင်းထုတ်ပြန်ချက်ထဲတွင် ပြောကြားထားသည်။

၁၉၈၈ ခုနှစ်က ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် YKKO သည် ၎င်း၏ကြေးအိုးကြောင့် နာမည်ကြီးလူသိများပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူးနှင့်မော်လမြိုင်တို့တွင် ဆိုင်ခွဲ ၃၇ ဖွင့်လှစ်ထားကာ မြန်မာနိုင်ငံ၏ အကြီးဆုံးပြည်တွင်းစားသောက်ဆိုင်လုပ်ငန်းဖြစ်သည်။ ၎င်း၏ ပထမဦးဆုံး ရန်ကင်းကြေးအိုးဆိုင်ကို ရန်ကင်းမြို့နယ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဆရာစံလမ်းတွင် ဒုတိယမြောက်ဆိုင်ခွဲကိုထပ်မံဖွင့်လှစ်ခဲ့သည်။

YKKO ကို လူအများသိတဲ့၊ ချစ်ခင်ဂုဏ်ယူရတဲ့ မြန်မာအမှတ်တံဆိပ်တစ်ခုအနေနဲ့ ကြာရှည်တည်တံ့ပြီး အခြေခံတန်ဖိုးများဖြစ်တဲ့ အရည်အသွေး၊ သန့်ရှင်းမှုနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ဆက်လက်ပြီးကြိုးစားသွားမှာ ဖြစ်ကြောင်း YKKO ၏ ဥက္ကဋ္ဌ ဒေါ်ယုယုလွင်ကပြောသည်။ Yoma Strategic Holdings လို YKKO နှင့် ရည်တည်ချက်ခြင်းတူတဲ့ အဖွဲ့အစည်းနှင့်ပူးပေါင်းပြီး နိုင်ငံတကာကိုလှမ်းနိုင်တဲ့ မြန်မာအမှတ်တံဆိပ်တစ်ခုဖြစ်ဖို့ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

စင်ကာပူစတော့အိတ်ချိန်း Singapore Securities Exchange Trading Limited (SGX-ST) တွင် စာရင်းသွင်းမှတ်ပုံတင်ထားသည့် Yoma Strategic Holdings Ltd သည် မြန်မာနိုင်ငံတွင် အိမ်ခြံမြေ၊ စားသောက်ကုန်၊ မော်တော်ယာဉ်နှင့် အကြီးစားပစ္စည်းကိရိယာများ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသော ထိပ်တန်းစီးပွားရေးကော်ပိုရေးရှင်းတစ်ခုဖြစ်သည်။ ယခုကဲ့သို့ YKKO ၏ ရှယ်ယာဝယ်ယူလိုက်ခြင်းဖြင့် Yoma F&B ၏ ဆိုင်ခွဲအရေအတွက်ကို နှစ်ဆတိုးပွားလာစေသည်ဟု Mr. Pun က ပြောကြားသည်။ Yoma F&B က KFC Myanmar အပါအဝင် နိုင်ငံတကာအမှတ်တံဆိပ် စားသောက်ဆိုင်များအပြင် စားသောက်ကုန်နှင့် အဖျော်ယမကာဖြန့်ချိရေး လုပ်ငန်းများကို လုပ်ကိုင်နေသည်။

**Source:** https://frontiermyanmar.net/mm/news/13283

## မဒရပ်ပြည်နယ်က ပဲတင်သွင်းခွင့် ယာယီပြန်လည်ခွင့်ပြုမှုကြောင့် ပြည်တွင်းပဲဈေး တစ်တန်လျှင် ကျပ်ငါးသောင်းနီးပါးပြန်တက်

အိန္ဒိယနိုင်ငံ မဒရပ်ပြည်နယ်က ပဲတင်သွင်းခွင့် ယာယီပြန်လည်ခွင့်ပြုမှုကြောင့် ပြည်တွင်းမတ်ပဲဈေး တစ်တန်လျှင် ကျပ်ငါးသောင်းနီးပါး ပြန်တက်လာကြောင်း ပဲကုန်သည်များထံမှသိရသည်။ အိန္ဒိယဘက်က ပဲတင်သွင်းခွင့် ကန့်သတ်ခဲ့သည့် ယခင်ရက်ပိုင်းက တစ်တန်လျှင် ကျပ် ၅၇၀၀၀၀ အထိ ကျဆင်းခဲ့သည့် ပြည်တွင်းမတ်ပဲဈေးမှာ ယင်းကဲ့သို့ ပဲတင်သွင်းခွင့် ယာယီပြန်လည်ခွင့်ပြုပေးခဲ့မှုကြောင့် ဖေဖော်ဝါရီ ၈ ရက်က တစ်တန်လျှင် ကျပ် ၆၂၀၀၀၀ နီးပါးအထိ ပြန်တက်လာကြောင်းသိရသည်။ အိန္ဒိယဘက်က ချန်နိုင်းဘက်က တင်ပို့လို့မရတော့ဘူးဆိုပြီး ချန်နိုင်းအကောက်ခွန်ကနေ အကြောင်းကြားတဲ့ စာရောက်ကာ ပိတ်တယ်ဆိုပြီး သတင်းထွက်လာကြောင်း၊ နောက်ပိုင်း မဒရပ်တရားရုံးကနေ ယာယီပြန်ခွင့်ပြုတယ်ဆိုပြီးပြန်ဖြစ်သွားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။ အဲလိုပြန်ဖြစ်သွားတော့ လက်ရှိပဲဈေးက အစောပိုင်းက ခြောက်သိန်းအောက်ကျသွားတာ။ အခုဆို ခြောက်သိန်းကျော်ပြန်ဖြစ်သွားတယ်။ ဒါက တောက်လျှောက် ပြန်ဖွင့်

ပေးတာမျိုးတော့မဟုတ်ကြောင်း၊ လက်ရှိမှာ မဒရပ်တရားရုံးကနေ Exporter တွေကို ယာယီပြန်ခွင့်ပြုတာဖြစ်ပါတယ်။ ဒါကြောင့် ပဲဈေးက တစ်ရက် နှစ်ရက်အတွင်း ငါးသိန်းကျော်အထိ ထိုးကျသွားတယ်။ အခုဟာက ခြောက်သိန်းကျော်အထိ ပြန်တက်လာ တယ်။ နောက်ပြီး ဘုရင့်နောင်မှာလည်း ပဲနဲ့ပတ်သက်ပြီး အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ဖေဖော်ဝါရီ ၁ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၅၇၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၂၀၀၀၀၊ ဖေဖော်ဝါရီ ၄ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၅၇၈၅၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၁၈၅၀၀ အထိ ပဲဈေးကျဆင်းခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၁၂၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၄၂၀၀၀၊ဖေဖော်ဝါရီ ၈ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၁၈၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၄၈၀၀၀ အထိ ဈေးရှိလာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသောစာရင်းများအရသိရသည်။

ဇန်နဝါရီလဆန်းပိုင်းအတွင်း အိန္ဒိယဘက်မှ ပဲဝယ်ယူမှုလျော့ကျခဲ့သဖြင့် ပြည်တွင်းပဲဈေးကွက်အတွင်း၌ ပဲဈေးအေးလာပြီး မတ်ပဲ FAQ တစ်တန်လျှင် ၆၉၉၀၀၀ ကျပ်၊ မတ်ပဲ SQ တစ်တန်လျှင် ၈၆၉၀၀၀ ကျပ်အထိ ဈေးကျလျက်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။ ဇန်နဝါရီ ၉ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ၇၂၂၀၀၀ ကျပ်၊မတ်ပဲ SQ တစ်တန်လျှင် ၈၈၅၀၀၀ ကျပ်၊ ဇန်နဝါရီ ၁၀ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ၇၀၁၀၀၀ ကျပ်၊ မတ်ပဲ SQ တစ်တန်လျှင် ၈၆၄၀၀၀ ကျပ်နှင့် ဇန်နဝါရီ ၁၄ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ၆၉၆၀၀၀ ကျပ်၊ မတ်ပဲ SQ တစ်တန်လျှင် ၈၆၄၀၀၀ ကျပ် ဈေးရှိခဲ့သည်။ ဇန်နဝါရီ ၂၁ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၃၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၉၅၀၀၀ အထိ ဈေး ပြန်တက်ခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၁၈၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၈၀၀၀၊ ဇန်နဝါရီ ၂၃ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၂၂၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၂၀၀၀ အထိ ဈေးရှိခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/80109?fbclid=IwAR0HfS_j760fmoa0VIZIOuXbHQ_tl-LoVktYr6wo-sABep23Na2VjEw

## ပဲစဉ်းငုံဈေးနှုန်းများ မြင့်တက်လာ



အိန္ဒိယ ဝယ်လိုအားရှိလာတဲ့အတွက် ပဲစဉ်းငုံဈေးနှုန်းများ မြင့်တက်လာတာဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှသိရပါတယ်။ အိန္ဒိယနိုင်ငံမှ ပဲစဉ်းငုံဈေးနှုန်းများ ပြန်တက်လာပြီး ဝယ်လိုအားရှိလာတဲ့ အတွက် ဈေးနှုန်းများမြင့်တက်လာတာဖြစ်တယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောပါတယ်။

ပဲစဉ်းငုံဈေးနှုန်းက အရင်တစ်ပတ်ထက် ဈေးနှုန်းပြန်တက်လာတယ်။ အိန္ဒိယမှာ ပဲစဉ်းငုံဈေးတက်တာကြောင့်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအားတွေများတာလည်းပါကြောင်း၊ လက်ရှိပဲစဉ်းငုံ (၂၀၁၇) ကအဟောင်းကတက်နေကြောင်း၊ အိန္ဒိယအစိုးရမှ မြန်မာ့ပဲဝယ်ယူမှုကာလ ကုန်ဆုံးသွားသော်လည်း အခုလက်ရှိအချိန်ထိ အိန္ဒိယနိုင်ငံမှဝယ်လိုအားရှိနေကြောင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းမှသိရပါတယ်။ ပဲစဉ်းငုံဈေးနှုန်းများမှာ ယခင်တစ်ပတ်က တစ်တန်ကို ၇၁၅၀၀၀ကျပ်ရှိရာမှာ ယခုတစ်ပတ်မှာ တစ်တန်ကို ၇၅၅၀၀၀ ကျပ်ထိဈေးနှုန်းမြင့်တက်လာကြောင်း အဆိုပါအသင်းမှသိရပါတယ်။

**Source:**https://www.facebook.com/nworldyangon/?__tn__=%2Cd%3C-R&eid=ARA0RS8Zt-pjyDjcM2pwgxdclFYEof-AhcJbN5wQ__wiKnwWQnzV-ckvh7EhLO38LL8wa5dMr7Iv3dP3

## ဆောင်းကြက်သွန်နီပေါ်ချိန် အခြေခံဈေးနှုန်းနားအထိ ကျဆင်းလာ

ယခုကာလ ဆောင်းကြက်သွန်နီ ပေါ်ချိန်တွင် ကြက်သွန်ဈေးနှုန်းများမှာ အခြေခံဈေးနှုန်းနားအထိပင် ကျဆင်းနေကြောင်း ကြက်သွန်နီကုန်သည်များထံက သတင်းရရှိသည်။ မြစ်သားကြက်သွန်နီက စထွက်ထွက်ချင်း ဈေးကကျဆင်းနေကြောင်း၊

အရင်နှစ်ထက်စာရင် တစ်ပိဿာကို ပျှမ်းမျှ ကျပ် ၃၅၀ ကနေ ၆၀၀ ကြားဝန်းကျင်လောက် ကျဆင်းနေကြောင်း မန္တလေး ခရိုင် ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင် သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဥက္ကဋ္ဌ ဦးဝင်းမြင့်ကပြောသည်။
ရန်ကုန်နှင့် မန္တလေးဈေးကွက်သို့ တစ်ပတ်လျှင် ကြက်သွန်နီ ပိဿာချိန် ၃၆၀,၀၀၀ ခန့် ဝင်ရောက်နေပြီး လက် ရှိ ဈေးကွက်အတွင်း ဆိတ်ဖြူကြက်သွန်နီ တစ်ပိဿာလျှင် ၂၀၀ ကျပ် မှ ၅၅၀ ကျပ်ကြား၊ မြစ်သားကြက်သွန်နီ တစ်ပိဿာလျှင် ၆၀၀ ကျပ် မှ ၆၈၀ ကျပ်ကြား ဈေးနှုန်းများဖြင့် အရောင်းအဝယ်နေကြောင်း သိရသည်။



ကြက်သွန်နီဈေးက အနိမ့်ဆုံးဈေးနားအထိ ရောက်လာပြီ။ လက်လီရော လက်ကားရော ကျဆင်းနေတယ်။ ရန်ကုန်နဲ့ မန္တလေး ဒိုင်တွေကို အဝင်များလာတယ်လို့ ရန်ကုန်ဘုရင့်နောင်ရှိ ကြက်သွန်နီ ကုန်သည် ဦးကိုလင်းဇော်ကပြောသည်။
၂၀၁၈ ခုနှစ် ယခုလိုအချိန်က ရန်ကုန်ဈေးကွက်တွင် ဆိတ်ဖြူ ကြက်သွန်နီ လက်ကားတစ်ပိဿာလျှင် ၁,၁၀၀ ကျပ်မှ ၁,၄၀၀ ကျပ်ကြား၊ တောင်တွင်း တစ်ပိဿာလျှင် ၁,၁၀၀ ကျပ် မှ ၁,၇၀၀ ကျပ်၊ မြင်းခြံဒေသမှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ၁,၁၅၀ ကျပ်မှ ၁,၆၅၀ ကျပ်ကြား ဈေးခန့်ရှိခဲ့ပြီး ယခုနှစ်တွင် ကြက်သွန်နီဈေးနှုန်းများမှာ ၃၈ ရာခိုင်နှုန်းခန့်အထိ ပိုမိုကျဆင်း နေကြောင်းသိရသည်။
မြန်မာ နိုင်ငံတွင် ကြက်သွန်နီ စိုက်ဧက ၁ ဒသမ ၈ သိန်းကျော်ရှိပြီး စစ်ကိုင်းတိုင်းတွင် မိုးစိုက်ဧက ၂၅၀၀၀ခန့်၊ ဆောင်းစိုက်ဧက ၃၅၀၀၀ခန့်၊ အထွက်နှုန်း ပိဿာသိန်း ၁၅၀၀ကျော် ထွက်ရှိပြီး မျိုးစေ့ အနေဖြင့် မြေနဲမျိုး၊ ရွှေဖလား ထိပ်မောက်နှင့် မြင်းခြံ မျိုးတို့ အစိုက် များကြောင်း သိရသည်။
လက်ရှိ ဘုရင့်နောင် ဈေးကွက်သို့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကြက်သွန်နီများ အဓိကဝင်ရောက်လျက်ရှိပြီးပြည်တွင်းစားသုံးမှုများပြားခြင်း၊ ပြည်တွင်းဈေးကြီးမြင့်ခြင်း၊ ပုပ်သိုးလွယ်သော ပစ္စည်းဖြစ်၍ ပင်လယ်ရေကြောင်းမှ တင်ပို့ရန် ခက်ခဲသည့်အတွက် နယ်စပ်ကုန်သွယ်မှုမှသာ အဓိက တင်ပို့လျက်ရှိသည်။
ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုတွင်လည်း မိုးကြက်သွန်နီ စိုက်ပျိုးနိုင်မှုမှာနည်းပါးပြီး ဆောင်းကြက်သွန်နီ စိုက် ပျိုးမှုပေါ် တွင်သာ တစ်နိုင်ငံလုံးအားထားရလျက်ရှိပြီး ယခုနှစ်တွင် ကြက်သွန်နီပေါ်ချိန်ကာလတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ကြာရှည်အထားမခံဘဲ အလေးချိန် လျော့ကျမှုများလည်း ရှိနေကြောင်း သိရသည်။
**Source:**http://www.amiamyanmar.com/detail.aspx?id=5825&fbclid=IwAR2-4T6oiGJ3uoBQ9CMMm2nbQRCJrBGRJz7UEjRBDClNF95VxUjiYu4TIz8

## မြန်မာပဲကို အိန္ဒိယကမဝယ်ရန် ရာခိုင်နှုန်းများနေသဖြင့် တရုတ်အကြိုက် ပဲများစိုက်ကာ ဈေးကွက်သစ်ရှာမည်ဟုဆို

မြန်မာပဲကို အိန္ဒိယကမဝယ်ရန် ရာခိုင်နှုန်းများနေသဖြင့် တရုတ်အကြိုက်ပဲများစိုက်ကာ ဈေးကွက်သစ်ရှာမည်ဟု စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။ ဖေဖော်ဝါရီ ၁၀ ရက် ဆူးလေ ရှန်ဂရီလာဟိုတယ်တွင် မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းနှင့် OATA တို့ ပူးပေါင်းကျင်းပသည့် World Pulses Day 2019 အခမ်းအနားအပြီး မီဒီယာများ၏မေးမြန်းမှုကို ဒုဝန်ကြီးဦးအောင်ထူးက အထက်ပါအတိုင်းပြောခဲ့သည်။
မြန်မာ့ပဲကို အိန္ဒိယနိုင်ငံအပြင် ဈေးကွက်အသစ်အဖြစ် တရုတ်နိုင်ငံယူနန်၊ တရုတ်နိုင်ငံအရှေ့ဘက်နှင့် မြောက်ဘက်တို့ရှိ ပြည်နယ်များနှင့် ချိတ်ဆက်ရန်စီစဉ်နေပြီဖြစ်ကြောင်း တရုတ်နိုင်ငံ ဈေးကွက်ဝင်ပဲအမျိုးအစားများမှာ ထောပတ်ပဲနှင့် စားတော်ပဲတို့ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိစိုက်ပျိုးနေသော မတ်ပဲနှင့် ပဲစင်းငုံနေရာတွင် တရုတ်ကြိုက်ပဲများ အစားထိုး ပိုမိုစိုက်ပျိုးရန် စီစဉ်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။
အိန္ဒိယနိုင်ငံမှာ အထွက်က တော်တော်ကောင်းနေတာရှိတယ်။ တန်ချိန် ၂၅ သန်း၊ သန်း ၃၀ လောက်ရှိနေတယ်။ သူတို့က မဝယ်ဖို့ပိုများတယ်။ ပဲအထူးလုပ်ငန်းအဖွဲ့ကသုံးသပ်ပြီးတော့ စိုက်မယ့်ပဲအမျိုးအစားကို ပြန်ပြောင်းဖို့၊ ဈေးကွက်ကတော့ တရုတ်ဘက်က အဝယ်လိုက်တဲ့ ပဲမျိုးကို ပြောင်းစိုက်ဖို့။ အဲဒါလည်း မကြာခင် ပဲနဲ့ပတ်သက်တဲ့လုပ်ငန်းအစည်းအဝေး ကျင်းပဖို့ရှိ ပါတယ်။ ဘာကို စိုက်မလဲပေါ့"ဟု ၎င်းကပြောသည်။

အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုမူဝါဒ အမျိုးမျိုးပြောင်းလဲမှုကြောင့် မြန်မာ့ပဲဈေးကွက်မှာ အတက်အကျ မတည်မငြိမ်ဖြစ်နေရကြောင်း အစိုးရအချင်းချင်း G to G စနစ် ဖြင့် MoU ရေးထိုးထားပါက မူဝါဒမည်သို့ပြောင်းသည်ဖြစ်စေ၊ ပြဿနာမရှိကြောင်း၊ မြန်မာနိုင်ငံပဲ မျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ပဲနဲ့ပတ်သက်လို့ တရုတ်ဘက်ကို တရားဝင်သွားလို့ရအောင် အပင်ပိုးမွှားကင်းစင်မှုရှိအောင်၊ တရုတ်နိုင်ငံဘက်က လက်ခံနိုင်တဲ့ အရည်အသွေးတွေရှိအောင် ကွာလတီကို သတ်မှတ်ဖို့ ပြင်ဆင်နေပါတယ်။ တရုတ်နယ်စပ်ကတော့ ပဲတီစိမ်းသွားတယ်။ ပင်လယ်ရေကြောင်းက သွားနိုင်အောင်လည်း တရုတ်အစိုးရကိုယ်တိုင်က လက်ခံနိုင်တဲ့ တရား ဝင်ဖြစ်အောင်လည်း ကြိုးစားပြီးသွားမှာပါဟု ၎င်းကပြောသည်။

မြန်မာ-တရုတ် နယ်စပ်ကုန် သွယ်ရေး တရားဝင်ဖြစ်စေရန်အ တွက် နှစ်နိုင်ငံအစိုးရချင်း အဖြေ ရှာ ညှိနှိုင်းလျက်ရှိသည်။

မြန်မာ့ပဲကို ဈေးကွက်သစ်ချဲ့ထွင်လျှင် ကျသင့်မည့်ကုန်ကျစရိတ်များကို အစိုးရနှင့်မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့ ပူးပေါင်းကျခံမည်ဟုသိရသည်။

ယခုလ ၂၀ ရက်နောက်ပိုင်း အိန္ဒိယတွင်ပြုလုပ်မည့် ကုန်စည်ပြပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး တက်ရောက်ကာ အိန္ဒိယကုန်သွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံမည်ဖြစ်ပြီး မြန်မာ့ပဲကို ခွဲတမ်းစနစ်ဖြင့်ဝယ်ယူရန် ညှိနှိုင်းမည်ဖြစ်ကြောင်း လက်ရှိတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ G to G စနစ်ဖြင့် ပဲဝယ်ယူရေးကိစ္စရပ်များကို ဆွေးနွေးနေကြောင်း သိရသည်။

**Source:**https://www.yangonmedia.com/economy/item/11792

## အထွက်နှုန်းကောင်းသည့် ပဲလွမ်းမျိုး ၇ မျိုး သုတေသနတွေ့ရှိ



အထွက်နှုန်း၊ သစ်ရွက်၊ သစ်ခက်နှင့် ပင်ပိုင်းဆိုင်ရာ အလေးချိန်ကောင်းသည့် ပဲလွမ်းမျိုး ၇ မျိုးကို သုတေသနပြုလုပ်ရှာဖွေဖော်ထုတ်ထားကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနထံမှ သိရသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဇီဝနည်းပညာသုတေသနဌာနမှ သုတေသနပညာရှင်အဖွဲ့သည် အထွက်နှုန်းနှင့် ပင်ပိုင်းဆိုင်ရာ အလေးချိန်ကောင်းသည့် ပဲလွမ်းမျိုး များရှာဖွေခြင်း သုတေသနကို ၂၀၁၆-၁၇ နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ် မိုးနှောင်းရာသီများတွင် မျိုးစေ့ဘဏ်တွင် စုဆောင်းထားသည့် ပဲလွမ်းမျိုး ၁၈ မျိုးကိုအသုံးပြု၍ သုတေသနပြုလုပ်စမ်းသပ်ခဲ့ကြောင်း ယင်းဌာနထံမှသိရသည်။

ယင်းပဲလွမ်းမျိုး ၁၈ မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ရာမှ အထွက်နှုန်း ကောင်းပြီး ပင်ပိုင်းဆိုင်ရာအလေးချိန်ကောင်းသည့် 4203 (Yezin- 12) မျိုး၊ 4242 (IT- 82D-600-5) မျိုး၊ 4246 (IT-82D-752) မျိုး၊ 4251 (IT-82D-699) မျိုး၊ 4268 (cowpea) မျိုး၊ 7689 (pelunpyar) မျိုးနှင့် 7692 (Gangaw BoCake) မျိုး စသည့် ပဲလွမ်း ၇ မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့သည်။ ယခု ၂၀၁၈-၁၉ ဘဏ္ဍာနှစ် မိုးနှောင်းရာသီတွင် ဖော်ထုတ်တွေ့ရှိသည့် မျိုး ၇ မျိုးနှင့် စံထားမျိုးဘိုကိတ်ကိုအသုံးပြု၍ အကွက်ကျယ်သုတေသနအဖြစ် စမ်းသပ်စိုက်ပျိုးလျက်ရှိရာ စမ်းသပ်ကွက်တွင်တွေ့ရှိချက်အရ 4246 (IT-82D-752) နှင့် 4268 (cowpea) မျိုးနှစ်မျိုးမှာ သီးတောင့်အရေအတွက်များကာ ပင်ပိုင်းဆိုင်ရာကြီးထွားမှုမှာလည်း သာလွန်ကောင်းမွန်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနထံမှသိရသည်။

ပဲလွမ်းက ဈေးကွက်သိပ်မရှိတော့ ကျွန်တော်တို့ဘက်မှာ တစ်တင်း၊ နှစ်တင်းစာလောက်ပဲ စားဖို့စိုက်ကြတာ။ အခုလိုမျိုးအသစ်တွေတာတော့ အများကြီးကောင်းကြောင်း ခရမ်းမြို့နယ်မှ ပဲစိုက်တောင်သူ ဦးသိန်းကျော်က သုံးသပ်ပြောကြားသည်။ ပဲလွမ်းသီးနှံသည် လေထဲမှ နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူနိုင်စွမ်းရှိသောကြောင့် ပင်ပိုင်းဆိုင်ရာ အစိတ်အပိုင်းအားလုံးကို သစ်စိမ်းမြေဩဇာအဖြစ်လည်း ပြန်လည်အသုံးချနိုင်သောကြောင့် စိုက်ပျိုးသင့်သည့်သီးနှံတစ်ခုဖြစ်ကြောင်း ပဲစိုက်တောင်သူများက ပြောကြားသည်။

**Source:** http://thevoicemyanmar.com/latest-news/31539-pal

## ပြည်ပသို့ ဆန်တင်ပို့ရောင်းချရာတွင် အစိုးရချင်း ပိုမိုချိတ်ဆက်ဆောင်ရွက်ရန် ဦးချစ်ခိုင်မေတ္တာရပ်ခံ




အစိုးရအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရောင်းချရာတွင် အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်သည့် စနစ်(G to G) ကို ပိုမိုအားထည့် ဆောင်ရွက်စေလိုကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေညီလာခံဖွင့်ပွဲ မိန့်ခွန်းတွင် ပြောကြားသည်။

နယ်စပ်ကုန်သွယ်ရေးထက်ဝက်ခန့် လျော့ကျခြင်းနှင့် ဥရောပသမဂ္ဂ(EU)က ပိတ်ဆို့ခြင်းများကြောင့် ယခုဘဏ္ဍာနှစ်တွင် ဆန်တင်ပို့မှု လျော့ကျမည်ဟု ခန့်မှန်းထားပြီး ဈေးကွက်အသစ်များရရှိရန် အစိုးရအနေဖြင့် အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုအားထုတ်ပေးရန် ဦးချစ်ခိုင်က မေတ္တာရပ်ခံခဲ့သည်။ ကုန်သွယ်မှုဆိုင်ရာမှာ ကျွန်တော်တို့ဘက်ကလည်း ဈေးကွက်အသစ်တွေ ရအောင်ရှာဖွေပြီး နိုင်ငံတော်ဘက်ကလည်း G to G အပိုင်းကနေ ပိုပြီးထည့်ပေးပါလို့ မေတ္တာရပ်ခံချင်ကြောင်း ဖေဖော်ဝါရီ ၉ ရက်က မန္တလေးမြို့ ကွန်ဗင်းရှင်းစင်တာ၌ပြုလုပ်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေညီလာခံတွင် ဦးချစ်ခိုင်ကပြောသည်။ ဆန်စပါးနှင့်သက်ဆိုင်သော ဆွေးနွေးပွဲနှင့် ညီလာခံကို ၂ ရက်ကြာကျင်းပနေသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံက ပြည်ပသို့ဆန်တင်ပို့မှု တန်ချိန် ၃ ဒသမ ၅ သန်းကျော်ရှိပြီး ကန်ဒေါ်လာသန်း ၁,၁၀၀ ကျော် နိုင်ငံခြားဝင်ငွေရရှိကာ ယခုဘဏ္ဍာနှစ်၌ တန်ချိန်နှစ်သန်းကျော်သာရှိမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ခန့်မှန်းထားသည်။ အစိုးရက ဆန်ဝယ်ယူသည့်နိုင်ငံများမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးမှုများ၊ ဝယ်ယူသည့် ခွဲတမ်းပိုမိုများလာစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယင်းအခမ်းအနားမိန့်ခွန်းတွင်ပြောကြားသည်။ ထုတ်လုပ်တင်ပို့သူများအနေဖြင့် နိုင်ငံတကာဈေးကွက်သို့တင်ပို့ရန် အရည်အသွေးထိန်းသိမ်းမှုများ၊ ခေတ်မီနည်းပညာဖြင့် ထုပ်ပိုးမှုများပြုလုပ်ရန်လိုအပ်ကြောင်း ဒုတိယသမ္မတက တိုက်တွန်းပြောကြားသည်။

**Source:** http://www.7daydaily.com/story/149612

## ပြည်တွင်းရွှေဈေး ကျပ်ဆယ်သိန်းခုနစ်သောင်းကျော်သို့ရောက်

ကမ္ဘာ့ရွှေဈေးပြန်ကျသော်လည်း ပြည်တွင်းရွှေဈေးသည် တစ်ကျပ်သား လျှင် ကျပ်ဆယ်သိန်းခုနစ်သောင်းခြောက်ထောင်သို့ မြင့်တက်လာသည်။ စပါး၊ ပဲစသော ကောက်ပဲသီးနှံပေါ်ချိန်ဖြစ်ပြီး နယ်အဝယ်များခြင်းကြောင့် ပြည်တွင်းရွှေဈေး မြင့်တက်ခြင်းဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များ အသင်း အတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

ရန်ကုန်ဈေးကွက်တွင် ရွှေဝယ်လိုအားက ပုံမှန်သာရှိသည်ဟု ၎င်းကဆို သည်။ ပြည်တွင်းရွှေဈေးသည် ဖေဖော်ဝါရီ ၁ ရက်က တစ်ကျပ်သားလျှင် ကျပ် ၁,၀၆၁,၀၀၀ မှ ဖေဖော်ဝါရီ ၈ ရက်တွင် ကျပ်၁,၀၇၁,၀၀၀ ဈေးဖွင့်သည်။ ပြည်တွင်းရွှေဈေး မြင့်တက်လာသော်လည်း ကမ္ဘာ့ရွှေဈေးက ဖေဖော်ဝါရီ ၁ ရက်တွင် တစ်အောင်စလျှင် ကန်ဒေါ်လာ ၃၂၀ မှ ဖေဖော်ဝါရီ ၈ ရက် တွင် တစ်အောင်စလျှင် ၃၀၉ ဒေါ်လာသို့ ကျဆင်းလာသည်။

ကမ္ဘာ့ရွှေဈေးကျချိန်တွင် ပြည်တွင်းရွှေဈေးတက်လာခြင်းက ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာဈေးကစားရန် မလွယ်ကူသည့်အခြေအနေမျိုးကို ဗဟိုဘဏ်ကဆောင်ရွက်ခဲ့ပြီးနောက် ရွှေဈေးနှုန်းပြန်လည်လှုပ်ခတ်လာကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ဝေဖန်သည်။ ပြည်တွင်းရွှေဈေးတက်သော်လည်း ငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး အပြောင်းအလဲနည်းပြီး ဖေဖော်ဝါရီ ၈ ရက်တွင် ကျပ် ၁,၅၂၀ မှ ၁,၅၃၀ ခန့်ရှိနေသည်။

**Source:** http://www.7daydaily.com/story/149612

## Thura News Views

### National Electrification plan on course to supply 5,080 villages

A total of 5,080 villages are to be connected to the national grid this year, as part of the National Electrification Plan (NEP). According to an article in the Myanmar Times, U Thura Aung Bo, project manager and deputy chief engineer of NEP was quoted that, under phase 1 of the project, 5,080 villages within two miles of the grid will be connected. The villages are located in Mon and Kayin states, as well as Bago, Ayeyarwady, Mandalay and Yangon regions. Villages in Sagaing and Magway regions, and Chin, Shan and Rakhine states, will also be connected in phase two. "Most villages in the outskirts currently do not have access to electricity," Thura Aung Bo was quoted as saying. "That is why our department is working to light up the rural areas. The authorities will ensure the reliable distribution of power to people in the outskirts."

### Circular railroad in Yangon proposed by Chinese firm

Officials from the China Railway Engineering Co Ltd (CREC) have proposed the Yangon Region Government to construct a new circular railroad around the commercial capital. According to an article in the Myanmar Times, the CREC has proposed two versions, one to build on the existing track, and the other an elevated track. U Than Naing Oo, from the regional government, said that one issue that needs to be considered is whether or not new land would need to be acquired to build new stations. According to the proposal, the elevated railway will be able to accommodate trains that can travel up to 80 kilometers per hour, and carry about 90,000 passengers per day, and the proposed route would go from Kyeemyindaing to Mingalardon, and from Kyauk Yay Dwin to Yangon Interna-tional Airport. Than Naing Oo told the daily that the proposal gave the option of it being built under a Private Public Partnership (PPP) or a Build Operate Trans-fer (BOT) and work would take between 24 and 36 months at a cost of US$1.5 billion. "At present, the project is just being discussed," Than Naing Oo said.

### Mahar Bawga to receive loan from Yoma Bank

Yoma Bank is to provide a loan of MMK 2.2 billion to Mahar Bawga Finance. The loan will allow the company to scale up and will be able to take on additional 5,000 customers. "This partnership highlights our ongoing commitment as Myanmar's largest provider of liquidity to MFIs [Microfinance Institutions] and NBFIs [Non-Bank Financial Institutions]," Hal Bosher, Yoma Bank CEO, was quot-ed as saying. According to an article in Dealstreet Asia, Yoma has so far financed 10 Myanmar microfinance institutions with up to MMK 75.7 billion. Mahar Bawga, which began its operations in 2014, says it offers financial solutions for more than 14,000 clients in Yangon. Today, the total lending is worth MMK 4.59 billion.

### Exploration of offshore block by PTTEP to begin

Thai firm PTT Exploration and Production (PTTEP) has begun an environmental impact assessment (EIA) at the M9 offshore block. An article in the Myanmar Times said that the firm is conducting the EIA to ensure "there is minimal impact on the site before work begins". The EIA could take up to 12 months to complete. It will include inputs from non-governmental

organizations as well as local industry players, including fisheries. PTTEP also said that public meetings will be held in order to hear from opposition voices. In January, it was reported that PTTEP is planning to spend US$ 3.3 billion this year for its exploration activities in Myanmar. PTTEP is a subsidiary of Thai PTT Public Company.

Source: Thura Swiss News

## STOCK EXCHANGE (11.2.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,800 | 9,000 | 8,800 | 758 | 6,813,800 | 27,112,747 | 244,015 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 3,000 | 2,950 | 7,371 | 21,744,500 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | -200 | -2.78% | 7,200 | 7,200 | 7,000 | 16 | 114,600 | 10,400,986 | 72,807 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 76 | 1,672,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,700 | 2,700 | 2,700 | 410 | 1,107,000 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.17 | -1.51 | -0.40% | 377.72 | 380.17 | 377.72 | 8,631 | 31,451,900 | 5 | 519,023 |

**Index chart**




## Market Overview

As of 1:00 pm, 11th Feb. 2019

| MYANPIX | 380.17 ▼ 1.51 |
|---|---|
| Total Volume (shares) | 8,631 |
| Total Value (MMK) | 31 mil |
| Listed Company | 5 |
| Market Cap. (MMK) | 519,023 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,000 | ▼ 200 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,700 | ▼ 100 |

TIR